၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိပါသည်။

ပတခ(ဝင)-၀၃-၀၁(ဂ)

# အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ(က)နှင့် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) တို့အရ တစ်ဦးချင်းပုဂ္ဂိုလ်အခွန်ထမ်းများက ပေးပို့ရမည့် ဝင်ငွေကြေညာလွှာ

အမည် ------------------------------------------------------------------------------------------

အခွန်ထမ်းမှတ်ပုံတင်အမှတ် ------------------------------------------------------------------------------------------

အလုပ်အကိုင် သို့မဟုတ် လုပ်ငန်း ------------------------------------------------------------------------------------------

လိပ်စာအပြည့်အစုံ ------------------------------------------------------------------------------------------

၁။ -------------------- မှ -------------------- အထိ ကာလအတွင်း ရရှိသည့် ဝင်ငွေစာရင်း။

| ဝင်ငွေခေါင်းစဉ် | ဝင်ငွေ (ကျပ်) |
|---|---|
| **အပိုင်း(က)။** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ရရှိသည့်ဝင်ငွေ-<br>(၁) လစာ<br>(၂) အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေ<br>(၃) စီးပွားရေးလုပ်ငန်းမှ ဝင်ငွေ<br>(၄) ပစ္စည်းငှားရမ်းခ ဝင်ငွေ<br>(၅) အခြေပစ္စည်းမှ မြတ်စွန်းငွေ<br>(၆) စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေ<br>(၇) အခြားရလမ်းများမှ ဝင်ငွေ | |
| **အပိုင်း(က)အတွက် စုစုပေါင်း** | |
| **အပိုင်း(ခ)။** အပိုင်း(က)တွင် မပါဝင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြင်ပတွင် ရရှိသည့် ဝင်ငွေနှင့်မြတ်စွန်းငွေ။ | |
| **အပိုင်း(ခ)အတွက် စုစုပေါင်း** | |

၂။ (က) ဝင်ငွေနှစ်အတွင်း ပေးသွင်းပြီးသည့် ဝင်ငွေခွန် -----------------------------------------

( ခ) ဝင်ငွေနှစ်အတွင်း ပေးသွင်းပြီးသည့် အသက်အာမခံပရီမီယံငွေ -----------------------------------------

( ဂ) ဝင်ငွေနှစ်အတွင်း ပေးသွင်းပြီးသည့် လူမှုဖူလုံရေးရန်ပုံငွေ -----------------------------------------

၃။ ------------------------- နေ့ ကုန်ဆုံးသောနှစ်အတွင်း မိမိနှင့်အတူနေသည့် သို့မဟုတ် မိမိက စရိတ်ထောက်ပံ့ထားသည့် အိမ်ထောင်ဖက် -------------------------------------- သည် အဆိုပါ နှစ်အတွင်း ဝင်ငွေခွန်ထိုက်သင့်သည့် ဝင်ငွေရရှိသူ မဟုတ်ပါ။

၄။ --------------------- နေ့ ကုန်ဆုံးသောနှစ်အတွင်း မိမိနှင့်အတူနေသည့် မိမိ၏/ အိမ်ထောင်ဖက်၏ မိခင် -------------------- နှင့် ဖခင် ------------------------- တို့သည် အဆိုပါနှစ် ဝင်ငွေခွန်ထိုက်သင့်သည့် ဝင်ငွေရရှိသူ မဟုတ်ပါ။

၅။ ------------------------- နေ့ ကုန်ဆုံးသောနှစ်အတွင်း မိမိကထောက်ပံ့ရသည့် သားသမီးများ (လင်ပါ၊ မယားပါ သားသမီးနှင့် ဥပဒေတစ်ရပ်ရပ်နှင့်အညီ မွေးစားသည့် သားသမီးအပါအဝင်) မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| အမှတ်စဉ် | အမည် | မွေးနေ့ သက္ကရာဇ် | ကျောင်းအမည် | အိမ်ထောင် ရှိ/ မရှိ | ဝင်ငွေခွန်စည်းကြပ် ထိုက်သည့် ဝင်ငွေရှိ/ မရှိ |
|---|---|---|---|---|---|
| | | | | | |

<u>ဝန်ခံချက်များ</u>

အထက်တွင် ဖော်ပြထားချက်များသည် ကျွန်ုပ်ယုံကြည်သိရှိသမျှ မှန်ကန်ပြည့်စုံသည့် အပြင် ---------------- မှ ---------- အထိကာလအတွင်း *ကျွန်ုပ်/ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်စုတွင် အခြားဝင်ငွေ တစ်စုံတစ်ရာရရှိခဲ့ခြင်း မရှိပါကြောင်းနှင့် ကျွန်ုပ်သည် အဆိုပါ ----------------------- မှ ---------------------- အထိကာလအတွင်း မြန်မာနိုင်ငံပြင်ပ၌ *မနေထိုင်ခဲ့ပါ / နေထိုင်ခဲ့ပါကြောင်း ဝန်ခံ လက်မှတ်ရေးထိုးပါသည်။

| | အခကြေးငွေယူ၍ကြေညာလွှာဖြည့်သွင်းသူ | အခွန်ထမ်း |
|---|---|---|
| လက်မှတ် | ------------------------------------------ | --------------------------------------------- |
| အမည် | ------------------------------------------ | --------------------------------------------- |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ------------------------------------------ | --------------------------------------------- |
| တာဝန် | ------------------------------------------ | --------------------------------------------- |
| ဖုန်း၊ email လိပ်စာ | ------------------------------------------ | --------------------------------------------- |
| ရက်စွဲ | ------------------------------------------ | ---------------------------------------------- |

မှတ်ချက်။ ဝင်ငွေကြေညာလွှာတွင် ဖော်ပြထားသည့် ဝင်ငွေနှင့်ဝန်ခံချက်များကို အောက်ဖော်ပြပါပုဂ္ဂိုလ်များက လက်မှတ်ရေးထိုး ရမည် -

(က) တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်လျှင် ထိုတစ်ဦးချင်းပုဂ္ဂိုလ်ကိုယ်တိုင်၊

( ခ ) ပုဂ္ဂိုလ်စုဖြစ်လျှင် -

(၁) သမဝါယမအသင်းဖြစ်ပါက ထိုအသင်း၏ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး၊

(၂) ကုမ္ပဏီဖြစ်ပါက ထိုကုမ္ပဏီ၏ကိုယ်စားလှယ်၊ အတွင်းရေးမှူး၊ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာ၊

(၃) အခြားပုဂ္ဂိုလ်စုဖြစ်ပါက ထိုပုဂ္ဂိုလ်စုတွင် ပါဝင်သူတစ်ဦးဦး ကိုယ်တိုင်။

( ဂ ) နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းဖြစ်ပါက စီမံခန့်ခွဲရေးဆိုင်ရာ၊ ငွေစာရင်းဆိုင်ရာ သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာ အကြီးအကဲ၊

(ဃ) အခကြေးငွေယူ၍ ကြေညာလွှာအားပြင်ဆင်ပေးရခြင်းဖြစ်ပါက ယင်းပုဂ္ဂိုလ်က အခွန်ကြေညာလွှာတွင် လက်မှတ်ရေးထိုးရမည်။ အခကြေးငွေယူ၍ ပြင်ဆင်ပေးရခြင်းမရှိပါက လက်မှတ်ရေးထိုးရန် မလိုအပ်ပါ၊

( င ) အခွန်ထမ်းသည် အခွန်ကြေညာလွှာ၏ မှန်ကန်တိကျမှုနှင့် ပြည့်စုံမှုကို တာဝန်ခံရမည်။ အခွန်ထမ်းသည် ဥပဒေအရ မစွမ်းဆောင်နိုင်သူဖြစ်ပါက အခွန်ထမ်း၏ တရားဝင်ကိုယ်စားပြုသူသည် အခွန်ကြေညာလွှာ၏ မှန်ကန်တိကျမှုနှင့် ပြည့်စုံမှုကို တာဝန်ခံရမည်။

**ရှင်းလင်းချက်**

**အပိုဒ် (၁)**

**အပိုင်း ( က )**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ရရှိသောဝင်ငွေကိုသာလျှင် ဤအပိုင်း၌ ဖော်ပြရမည်။

(၁) **လစာ။** လစာဟူသည့် ခေါင်းစဉ်ဖြင့် ဖော်ပြရမည့်ငွေတွင် သက်ဆိုင်ရာဝင်ငွေနှစ်အတွက် အလုပ်ရှင်ထံမှရရှိသည့် သို့မဟုတ် ရရန်ရှိသည့် လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ဆုကြေး၊ ချီးမြှင့်ငွေ၊ လစာနှင့် လုပ်ခအစား သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်တို့လည်း ပါဝင်ပါသည်။ လစာဝင်ငွေတစ်မျိုးတည်းသာရရှိသော အခွန်ထမ်း ဖြစ်ပါက ဝင်ငွေခွန်ကြေညာလွှာ တင်သွင်းရန် မလိုအပ်သော်လည်း ပြန်အမ်းငွေရရန်ရှိပါက ထိုပြန်အမ်းငွေကို ရရှိလိုလျှင် ကြေညာလွှာတင်သွင်းရမည်။

(၂) **အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှဝင်ငွေ။** အောက်ပါစာပိုဒ်ခွဲ (၃) တွင်ဖော်ပြထားသည့် ညွှန်ပြချက်များသည် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေရရှိသော အခွန်ထမ်းများနှင့်လည်း ထပ်တူထပ်မျှ သက်ဆိုင်ပါသည်။

(၃) **စီးပွားရေးလုပ်ငန်းမှဝင်ငွေ။** အခွန်ထမ်း၏ စီးပွားရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ကုန်ထုတ်လုပ်မှုစာရင်း၊ ကုန်သွယ်မှု စာရင်း၊ အရှုံးအမြတ်စာရင်းနှင့် လက်ကျန်ရှင်းတမ်းအပါအဝင်ဖြစ်သည့် သက်ဆိုင်ရာနှစ်အတွက် စာရင်းရှင်းတမ်းတစ်စောင် ကို ဤဝင်ငွေကြေညာလွှာနှင့်ပူးတွဲပေးပို့ရန်လိုအပ်သည်။ အခွန်ထမ်းပိုင်ဆိုင်၍ လုပ်ငန်းအတွက်လည်းအသုံးပြုသည့်မ-တည် အပိုင်ပစ္စည်းများအတွက် တန်ဖိုးလျော့ငွေကို တောင်းခံနိုင်ခွင့်ရှိသည်ဖြစ်ရာ အဆိုပါ မ-တည်အပိုင်ပစ္စည်းများနှင့် စပ်လျဉ်း သည့် အချက်အလက်များကို မ-တည်အပိုင်ပစ္စည်းတန်ဖိုးလျော့ငွေတောင်းခံသော ပုံစံတွင် ဖြည့်စွက်ဖော်ပြရပါမည်။

(၄) **ပစ္စည်းငှားရမ်းခဝင်ငွေ။** အမှန်ရရှိသောငှားရမ်းခကိုအခြေပြု၍ ဝင်ငွေကိုတွက်ချက်ရပါမည်။ ကုမ္ပဏီဖြစ်ပါက ပစ္စည်း အားလုံးအတွက် တန်ဖိုးလျော့စာရင်း ပူးတွဲဖော်ပြရပါမည်။ တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မလိုအပ်ပါ။

(၅) **အခြေပစ္စည်းမှမြတ်စွန်းငွေ။** မြေ၊ အဆောက်အအုံနှင့် ယင်းတို့၏အခန်းများ၊ ယာဉ်နှင့် လုပ်ငန်းဆိုင်ရာ မ-တည် ပစ္စည်း၊ အစုရှယ်ယာနှင့် ကတိခံဝန်ချုပ်တို့အပြင် ငွေချေးသက်သေခံလက်မှတ်များ၊ ယင်းတို့ကဲ့သို့သော အလားတူစာချုပ် စာတမ်းများကို ရောင်းချခြင်း၊ လဲလှယ်ခြင်းသို့မဟုတ်အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်းပြုရာမှ ပေါ်ပေါက်သည့် အမြတ်အစွန်း သို့မဟုတ် အကျိုးအမြတ်များကို ဤခေါင်းစဉ်ဖြင့် ဖော်ပြရပါမည်။

(၆) **စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေ။** မည်ကဲ့သို့ရရှိခဲ့သည်ကို အတိအကျမဖြေရှင်းနိုင်သည့် မရွှေ့မပြောင်းနိုင် သောပစ္စည်း သို့မဟုတ် ငွေအပါအဝင်ဖြစ်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းတစ်ရပ်ရပ်အတွက် စည်းကြပ်မှုမှလွတ်ကင်း နေသောဝင်ငွေကို ဤခေါင်းစဉ်ဖြင့် ဖော်ပြရပါမည်။

(၇) **အခြားရလမ်းမှဝင်ငွေ။** အထက်ဖော်ပြပါ ဝင်ငွေခေါင်းစဉ်များနှင့်အကျုံးမဝင်သော ဝင်ငွေအရပ်ရပ်ကို ဤခေါင်းစဉ် ဖြင့် ဖော်ပြရပါမည်။

**အပိုင်း (ခ)**

ပြည်ပနေနိုင်ငံသားများမှအပ ကျန်အခွန်ထမ်းများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြင်ပတွင်ရရှိဖြစ်ထွန်း ပေါ်ပေါက်သည့်ဝင်ငွေ၊ အမြတ်အစွန်းများနှင့် အကျိုးအမြတ်များကို ဖော်ပြရန် ဖြစ်ပါသည်။

**အပိုဒ်(၂)**

(က) ဝင်ငွေနှစ်အတွင်းပေးသွင်းပြီးသည့်ဝင်ငွေခွန်တွင် သုံးလတစ်ကြိမ်ပေးဆောင်ရသော ကြိုတင်ခွန်စုစုပေါင်း၊ ပင်ရင်းမှနုတ်ယူ ပေးသွင်းရန် ဖြတ်တောက်ခံထားရသည့်ဝင်ငွေခွန်၊ နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် ပေးသွင်းထားသည့် ဝင်ငွေခွန်၊ အကောက်ခွန်ဦးစီးဌာနသို့ ပေးသွင်းထားသည့် ဝင်ငွေခွန်၊ အခွန်နှစ်ထပ်မကျသင့်စေရေး စာချုပ်ဝင်နိုင်ငံများရှိ နိုင်ငံခြား အစိုးရများထံသို့ ပေးဆောင်ခဲ့သောဝင်ငွေခွန်၊ ယခုနှစ်သို့ သယ်ယူလာသည့် ယခင်နှစ်တွင် ပိုမိုပေးဆောင်ထားခဲ့သော အခွန်ပမာဏတို့ကို ဖော်ပြရပါမည်။

( ခ ) ဝင်ငွေနှစ်အတွင်း ပေးသွင်းပြီးသည့် အသက်အာမခံပရီမီယံငွေတွင် အခွန်ထမ်းနှင့်ယင်းအိမ်ထောင်ဖက်၏ အသက်အာမခံအတွက် ပေးရသောပရီမီယံငွေကို ဖော်ပြရပါမည်။

( ဂ ) ဝင်ငွေနှစ်အတွင်းပေးသွင်းပြီးသည့် လူမှုဖူလုံရေးရန်ပုံငွေတွင် အခွန်ထမ်းမှပေးသွင်းသည့် လူမှုဖူလုံရေးထည့်ဝင်ကြေးငွေကို ဖော်ပြရပါမည်။

ရုံးတံဆိပ်

---

**လက်ခံရရှိကြောင်းဖြတ်ပိုင်း**

၂၀ -၂၀ စည်းကြပ်နှစ်များအတွက် အခွန်ထမ်း ----------------------------------------------------------က အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) နှင့် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) တို့အရ ပေးပို့ရမည့် ဝင်ငွေကြေညာလွှာတစ်စောင်ကို ဦး/ ဒေါ်-------------------------ထံမှ လက်ခံရရှိပါသည်။ ဝင်စာမှတ်ပုံတင်အမှတ် ------------------------- ဖြင့် မှတ်ပုံတင်ပြီး ဖြစ်ပါသည်။

လက်မှတ် ----------------------------------------------------------

အမည် ----------------------------------------------------------

ရာထူး ----------------------------------------------------------

ရက်စွဲ၊----------------------------------- ------------------------------------------------------------------------------ရုံး